# ယောဂီလက်စွဲ

ဘာဝနာများနှင့်ဆောင်ပုဒ်များ

မော်ကွန်းသစ်စာပေ

မောင်ကွန်းသစ်စာပေ
၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

မော်ကွန်းသစ်

အမှတ်စဉ် [၁]

# ယောဂီလက်စွဲ

## ဘာဝနာများနှင့် ဆောင်ပုဒ်များ

### ပဋိစ္စသမုပ္ပါဒ်ဒေသနာ

[ ဦးမြင့်ဆွေ (မူလဓမ္မာစရိယ) မိတ္ထီလာအား အမှူးထား၍ ]

**ဦးနန္ဒ [ ဝိဇ္ဇာ-ဂုဏ်ထူး ]**

**စီစဉ်တင်ဆက်သည်။**

ပထမ အကြိမ်

၁၉၇၉-ခု၊ မေလ၊ အုပ်ရေ ၄၀၀၀

မျက်နှာဖုံးဒီဇိုင်း - ဦးမြင့်မောင်၊ ဘလောက် - သောင်းလှ

မျက်နှာဖုံးရိုက် ဇွဲ (ကာဠာ လေစက်)

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက်အမှတ် (၂၇၄)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၃၀၂)

တန်ဖိုး ၂ ကျပ်

ထုတ်ဝေသူ။ ။ဦးနန္ဒ၊ (၀၂၅၄၅)၊ မော်ကွန်းသစ်စာပေ၊ ၁၆၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးထွန်းရှိန်၊ (မြ၀ ၂၁၃၈)၊ ဇွဲစာပုံနှိပ်တိုက်၊ ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရှေးဦးစွာ ဦးသုံးကြိမ်ချ၍ ကန်တော့ရန် | ၇ |
| ၂။ | ဘုရားပင့်လျှောက်ရန် | ၉ |
| ၃။ | နတ်ဗြဟ္မာများကို ပင့်ဘိတ်ရန် | ၁၃ |
| ၄။ | အနန္တငါးပါးတို့ကို ပင့်ဘိတ် ရှိခိုးခြင်း | ၁၅ |
| ၅။ | ဗုဒ္ဓါနုဿတိ ဘာဝနာ | ၁၈ |
| ၆။ | ဓမ္မာနုဿတိ ဘာဝနာ | ၂၀ |
| ၇။ | သံဃာနုဿတိ ဘာဝနာ | ၂၁ |
| ၈။ | မေတ္တာ ဘာဝနာ | ၂၃ |
| ၉။ | မေတ္တာအကျိုး ဆဲ့တမျိုး ဆောင်ပုဒ် | ၂၈ |
| ၁၀။ | ကောဋ္ဌာသအသုဘ ဘာဝနာ | ၂၉ |
| ၁၁။ | မရဏာဿတိ ဘာဝနာ | ၃၀ |
| ၁၂။ | ဝိပဿနာ ဘာဝနာ | ၃၁ |
| ၁၃။ | ဆုတောင်းပတ္ထနာ | ၃၂ |
| ၁၄။ | ပတ္တိဒါန အမျှပေးဝေခြင်း | ၃၄ |
| ၁၅။ | တိုင်တည်၍ ပို့သ, ပေးဝေခြင်း | ၃၆ |

# မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| ၁၆။ | မေတ္တာကို ခံယူခြင်း |
| ၁၇။ | အမျှပေးဝေခြင်း |
| ၁၈။ | တိုက်တွန်းခြင်း-ခွင့်လွှတ်ခြင်း |
| ၁၉။ | ပဋိစ္စသမုပ္ပါဒ် ဒေသနာ |
| ၂၀။ | အတိတ်အကြောင်းခြင်းရာ–သမုဒယသစ္စာ |
| ၂၁။ | ပစ္စုပ္ပန်အကျိုးခြင်းရာ–ဒုက္ခသစ္စာ |
| ၂၂။ | ပစ္စုပ္ပန်အကြောင်းခြင်းရာ–သမုဒယသစ္စာ |
| ၂၃။ | အနာဂတ်အကျိုးခြင်းရာ-ဒုက္ခသစ္စာ |
| ၂၄။ | သတိပညာ ကွပ်ကဲရာ |
| ၂၅။ | ဒိဋ္ဌိယူမှား မြန်ပယ်ရှား |
| ၂၆။ | သံယုတ်ပါဠိတော်-အကုသိုလ်မှု သတိပြု |
| ၂၇။ | အင်္ဂုတ္တရပါဠိ, အဋ္ဌသာလိနီ မသေမီမှာ ကိုယ်ကျိုးရှာ |
| ၂၈။ | နာမ်ရုပ်သိမှ ချမ်းသာရ |
| ၂၉။ | ကုသိုလ်ကောင်းမှု အမြန်ပြု |
| ၃၀။ | သေမည်စဉ်းစား ကောင်းမှုပွား |
| ၃၁။ | ဘယ်သူမပြု မိမိမှု |
| ၃၂။ | ရခဲစွာလှ ဒုလ္လဘာ |
| ၃၃။ | ဒုလ္လဘတရား ငါးပါး |
| ၃၄။ | သူတော်ကောင်းဥစ္စာ ခုနစ်ဖြာ |

မာတိကာ

စဉ် အကြောင်းအရာ


၃၅။ မြတ်ဘုရား မိန့်ခွန်းတော်
၃၆။ မဂ်ဖိုလ်ရရန် အင်လေးတန်
၃၇။ သောတာပန်ဖြစ်ရာ ကြောင်းငါး
၃၈။ မဂ်ဖိုလ်ရရန် ရှုနည်းမှန်
၃၉။ သမာဓိဘေးရန် ခြောက်ပါး
၄၀။ ယောဂီများ သတိပြု
၄၁။ သစ္စာနှာကြား အကျိုးသွား
၄၂။ တရားနာကြ မဂ်မရ
၄၃။ ဇာတိဒုက္ခ ကြီးကျယ်စွ
၄၄။ နာမ်ရုပ်ချုပ်မှ ချမ်းသာရ
၄၅။ အမြတ်ဆုံး ပူဇော်ခြင်း

# "ရှေးဦးစွာ ဦးသုံးကြိမ်ချ၍ ကန်တော့ရန်"

---

၁။ အနိစ္စကာသယံ-အနိစ္စကာသယေန၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ အနိစ္စဖြစ်သော ခန္ဓာကိုယ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော် ကန်တော့ပါ၏ အသျှင်ဘုရား။

၂။ ဒုက္ခကာသယံ - ဒုက္ခကာသယေန၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ ဒုက္ခဖြစ်သော ခန္ဓာကိုယ်ဖြင့်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော် ကန်တော့ပါ၏ အသျှင်ဘုရား။

၃။ အနတ္တကာသယံ - အနတ္တကာသယေန၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ အနတ္တဖြစ်သော ခန္ဓာကိုယ်ဖြင့်။ သံဃံ၊ သံဃာတော်မြတ် အပေါင်းကို။ ပူဇေမိ၊ ပူဇော်ကန်တော့ပါ၏ အသျှင်ဘုရား။

# ဘုရားပင့်လျှောက်ရန်

ဗုဒ္ဓေါ ဗောဓာယ ဒေသေတိ၊
မုတ္တော ယော မောစနတ္ထာယ။
တိဏ္ဏော ဓမ္မံ တရဏတ္ထာယ၊
ဇိနော ဌာတု သိရေ မယှံ။
ဇိနာဟံ သာဒရံ ဝန္ဒေ၊
ဇယံ မေ ဒေတု သော ဇိနော။ ။

ယောဇိနော၊ ဒေဝပုတ္တ စသည်များဖြင့် မာရ်စစ်အင်ကို အောင်မြင်တော်မူတတ် အကြင်ဘုရားသျှင် ကိုယ်တော်မြတ်သည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်, သိမြင်တော် မူပြီးသည်ဖြစ်၍။ ဗောဓာယ၊ ဝေနေယျများစွာ သတ္တွာအပေါင်းအား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားခွဲဝေ သိမြင်ကြစေခြင်းငှါ။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ ဒေသေတိ၊ လေးဆဲ့ငါးဝါ ရှည်မြင့်ကြာအောင် မဟာကရုဏာ အားမေတ္တာဖြင့် ကြင်နာ

ဆပွား ရင်ဝယ်သားသို့ ပိုင်းခြားခွဲဝေ ဟောကြား ဆုမ္မတော် မူတတ်ပါပေ၏။

ယော ဇိနော၊ ဒေဝပုတ္တာ စသည်များဖြင့် မာရ်စစ်အင်ကို အောင်မြင်တော်မူတတ် အကြင်ဘုရားသျှင် ကိုယ်တော်မြတ်သည်။ မုတ္တော၊ တထောင့်ငါးရာ ကိလေသာဟူ အပူခပ်သိမ်း ရုပ်နာမ်စဉ်ဆက် ဖြစ်ကာပျက်၍ နှိပ်စက်နေကြ ဒုက္ခနက်နဲ ဆင်းရဲခပ်သိမ်းတို့မှ ကိုယ်တော်တိုင် ကင်းငြိမ်း လွှတ်မြောက်တော်မူပြီးသည်ဖြစ်၍။ မောစနတ္ထာယ၊ ဝေနေယျများစွာ သတ္တွာအပေါင်းအား တထောင့်ငါးရာ ကိလေသာဟူ အပူခပ်သိမ်း ရုပ်နာမ်စဉ်ဆက် ဖြစ်ကာပျက်၍ နှိပ်စက်နေကြ ဒုက္ခနက်နဲ ဆင်းရဲခပ်သိမ်းတို့မှ ကင်းငြိမ်းလွှတ်မြောက် ကြစေခြင်းငှါ။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ ဒေသေတိ၊ လေးသွဲ့ငါးဝါ ရှည်မြင့်ကြာအောင် မဟာကရုဏာ အေးမေတ္တာဖြင့် ကြင်နာဆပွား ရင်ဝယ်သားသို့ ပိုင်းခြားခွဲဝေ ဟောကြား ဆုမ္မတော် မူတတ်ပါပေ၏။

ယော ဇိနော၊ ဒေဝပုတ္တာ စသည်များဖြင့် မာရ်စစ်အင်ကို အောင်မြင်တော်မူတတ် အကြင်ဘုရားသျှင် ကိုယ်တော်မြတ်သည်။ တိဏ္ဏော၊ ကြီးမားနက်ကျယ် ကြောက်ဖွယ်ဘနန်း ဘေးဘျမ်းရော သံသရာဝဲ သြဃထဲမှ ခွါရှဲပေါက်ရောက်

ကိုယ်တော်တိုင် ကူးမြောက်တော် မူပြီးသည်ဖြစ်၍။ တရ-
ဏတ္တာယ၊ ဝေနေယျ များစွာ သတ္တဝါ အပေါင်းအား
ကြီးမားနက်ကျယ် ကြောက်ဖွယ် ဘနန်း ဘေးဘျမ်းရော
သံသရာဝဲ ညွှံသထဲမှ ခွါရှဲပေါက်ရောက် ကူးမြောက်ကြ
စေခြင်းငှါ။ ဓမ္မံ၊ မဂ်ဥလေးတန်, ဖိုလ်ဥလေးတန်, နိဗ္ဗာန်,
ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ ဒေသေဘိ၊
လေးဆဲ့ငါးဝါ ရှည်မြင့်ကြာအောင် မဟာကရုဏာ အေး
ဓမေတ္တာဖြင့် ကြင်နာဆပ္ပား ရင်ဝယ်သားသို့ ပိုင်းခြားခွဲဝေ
ဟောကြား ဆုမ္မတော် မူတတ် ပါပေ၏။

သော ဇိနော၊ ဒေဝပုတ္တ စသည်များဖြင် မာရ်စစ်အင်
ကို အောင်မြင်တော်မူတတ် ထိုဘုရားသျှင် ကိုယ်တော်မြတ်
သည်။ မယှံ၊ ဝိပဿနာ ခြင်းအရာလျှင် ပညာစက္ခု အစဉ်
ရှုလျက် ကျွတ်ဆုရည်ခမြှာ် တပည့်တော်၏။ သိရေ၊ နှစ်ကုဋေ
ငါးသန်း ဆံနန်းကေသာ ထွန်ရှမြတ်ရာဟု နေရာပလ္လင်
ဦးခေါင်းတည်းဟူသော အထက်ပြင်၌။ ဌာတု၊ ဤသတ္တွာ
ဆင်းရဲစွာကို ငါကယ်ပေမည် ရွှေစိတ်ရည်၍ သာကြည့်ရှင်
ပြုံး သီတင်းသုံးနေတော်မူလှည့်ပ သုံးလောက ကေသျှောင်
ရွှေဘုန်းခေါင် သျှင်တော်မြတ်ကြီးဘုရား။

**ဂှိနိုးခြင်းပဏာမ**။ ။တံ ဇိနံ၊ ဒေဝပုတ္တ စသည်
များဖြင် မာရ်စစ်အင်ကို အောင်မြင်တော်မူတတ် ထိုဘုရား

သျှင် ကိုယ်တော်မြတ်ကို။ အပယ်၊ ဖြစ်ကာပျက်ချုပ် နာမ်နှင့် ရုပ်ကို သမုတ်မှည့်ခေါ် တပည့်တော်သည်။ သာဒရ၊ မြတ်မြတ်နိုးနိုး ညွတ်လျိုးသေခွေ ရှိသေလှစွာ။ ငွေ့ဝန္ဒာမိ၊ သျှင်ပင့်ဂုဏ်ထူးမြတ်ကျေးဇူးတို့ကို ရည်စူးညာဏ်မြော်ပညာတော်ဖြင့် ဆယ်ဖော်ထိပ်မိုး ဦးနှိမ့်ကျိုးကာ ရှိခိုးကန်တော့လိုက်ပါ၏ သုံးလောကကျော်သျှောင် ရွှေဘုန်းခေါင် သျှင်တော်မြတ်ကြီးဘုရား။

သော ဇိနော၊ ဒေဝပုတ္တ စသည်များဖြင့် မာရ်စစ်အင်ကို အောင်မြင်တော်မူတတ် ထိုဘုရားသျှင်ကိုယ်တော်မြတ်သည်။ မေ၊ သံသရာဝဋ် ဒုက္ခညွတ်မှ ကျွတ်လွတ်ဘို့ရေး ညာဏ်စိစ္စေးလျက် ကြံတွေးချင့်မြော် တပည့်တော်အား။ ဇယံ၊ ကိုယ်တွင်းကိုယ်ပ ရှိသမျှဘေးဒဏ် ခပ်သိမ်းရန်ကို မကျန်မကြွင်း အောင်မြင်ခြင်းကို။ ဇယံ၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ အစဖြာသည် တထောင့်ငါးရာ များစွာ သောင်းသောင်း ကိလေသာရန်သူအပေါင်းကို ထောင်းထောင်းဖွဲ့ခွဲ သိမ့်သိမ့် ကျဲမျှ အောင်ပွဲကိုခင်း အောင်နိုင်ခြင်း ဇယမင်္ဂလာ ကို။ ဒေတု၊ ခဏချက်ခြင်း လျှင်းလျှင်းမသွေ ပေးသနားတော်မူပါစေတည်း။ ။

## နတ်ပြဟ္မာများကို ပင့်ဘိတ်ရန်

သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

သမန္တာ၊ ဤစကြဝဠာနှင့်တကွ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ။ စက္ကဝါဠေသု၊ လောကဓာတ် အပေါင်း တသောင်းသော စကြဝဠာတိုက်တို့၌။ ဝသန္တာ၊ ကြည်သာချမ်းမြ နေထိုင်လျက် ရှိကြပေကုန်သော။ ဒေဝတာ၊ သခင်သချာ များစွာ သောင်းသောင်း နတ်ပြဟ္မာ အပေါင်းတို့သည်။ အတြ၊ ဂုဏ်တော်အစ သမထ, ဝိပဿနာ ဘာဝနာ တရားတို့ကို ရွတ် (ရှု)ပွားပူဇော်ရာ ဓမ္မာရုံ ဤအရပ်ဌာနသို့။ အာဂစ္ဆန္တု၊ လျှင်လျှားမကြာ တန်ခိုးအရာဖြင့် လွယ်စွာ တခဏ ကြွရောက်တော် မူလာကြပါကုန်လော့။

မုနိရာဇဿ၊ အာဂါရိမုနိ, အနာဂါရိမုနိ, သေက္ခမုနိ, အသေက္ခမုနိ, ပစ္စေကမုနိတည်းဟူသော မုနိတော်ငါးပါးတို့ထက်, မြတ်တော်မူသည်ဖြစ်၍ မုနိငါးပါးတို့၏ သေဌ်နင်း တရားမင်းတဆူဖြစ်တော်မူသောသဿမ္ဗုဒ္ဓထွဋ်ထိး ဘုရားသျှင်ကိုယ်တော်မြတ်ကြီး၏။ သဂ္ဂမောက္ခဒံ၊ နတ်ရွာနိဗ္ဗာန် ကျိုးနှစ်တန်ကို ဧကန်ဆတ်ဆတ် ပေးစေတတ်သော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ သုဏန္တု၊ အာရုံတပါး စိတ်မသွားပဲ မှတ်သားသေချာ နာကြားတော် မူကြပါကုန်လော့။

ဘဒ္ဒန္တာ၊ စကြဝဠာ ကမ္ဘာလောကဓာတ် အရပ်ရပ်မှ ဆိုက်ကပ်ညီညာ ကြွရောက် လာတောင်း အို့နတ် ဗြဟ္မာ အပေါင်းတို့။ အယံ ကာလော၊ ဤအခါကာလ ဤသမယ သည်ကား။ ဓမ္မဿဝနကာလော၊ သျှင်တော်ဟောကြား မြတ်တရားကို မှတ်သားသေချာ ကောင်းစွာမသွေ နာကြား ကြရမည့်အခါကြီးပါပေတည်း။ ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အနန္တငါးပါးတို့ကို ပင့်ဖိတ်ရှိခိုးခြင်း

၁။ ဗုဒ္ဓေါ၊ သစ္စာသိမြင် ဘုရားသျှင် ကိုယ်တော်မြတ်ကြီးသည်။ မေ၊ ဘုရား တပည့် တော်၏။ သီသေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌။ တိဋ္ဌတု၊ အမြဲ မသွေ တည်နေစောင့်ရှောက် ကိန်းဝပ်တော်မူပါစေသတည်း။

ဗုဒ္ဓရတနံ၊ ဘုရားတည်းဟူသော ရတနာအမြတ် သုံးလူ့နတ်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ သက္ကစ္စံ၊ ရိုသေလှစွာ။ သဗ္ဗဒါ၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း။ ဝန္ဒာမိ၊ သဒ္ဓါမြတ်နိုး လက်စုံ မိုးကာ ရှိခိုးပူဇော်ပါ၏ အသျှင်ဘုရား။

ဗုဒ္ဓေါ၊ သစ္စာသိမြင် ဘုရားသျှင် ကိုယ်တော်မြတ်ကြီးသည်။ မယှံ၊ တပည့်တော်အား။ သုခံ၊ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန် ချမ်းသာတော်မြတ်ကြီးကို။ ဒေထ၊ လျှင်လျှားမသွေ ပေးသနားတော်မူပါစေသတည်း။

၂။ ဓမ္မော၊ မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်,ပရိယတ် ဆယ်ပါးသော တရားတော်မြတ်သည်။ မေ၊ ဘုရား

တပည့်တော်၏။ သီသော၊ ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌။ တိဋ္ဌတု၊ အမြဲမသွေ တည်နေစေခြင်ငှာ ရှောက် ကိန်းဝပ်တော်မူပါစေသတည်း။

ဓမ္မရတနံ၊ တရားတော်တည်းဟူသော ရတနာအမြတ် သုံးလူ့နတ်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ သက္ကစ္စံ၊ ရိုသေလှစွာ။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ဝန္ဒာမိ၊ သဒ္ဒါမြတ်နိုးလက်စုံမိုးကာ ရှိခိုးပူဇော်ပါ၏ အသျှင်ဘုရား။

ဓမ္မော၊ တရားတော်မြတ်အပေါင်းသည်။ မယှံ၊ တပည့်တော်အား။ သုခံ၊ ကိုယ့်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို။ ဒေထ၊ လျှင်လျှင်မသွေ ပေးသနားတော် မူပါစေသတည်း။

၃။ သံဃော၊ မဂ်ပုဂ္ဂိုလ်လေးပါး, ဖိုလ်ပုဂ္ဂိုလ်လေးပါး ရှစ်ပါးသော အရိယာ ပရမတ္ထ သံဃာတော်မြတ်အပေါင်းသည်။ မေ၊ ဘုရား တပည့်တော်၏။ သီသေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါ ထက်၌။ တိဋ္ဌတု၊ အမြဲမသွေ တည်နေစေခြင်ငှာ ရှောက် ကိန်းဝပ်တော်မူပါစေသတည်း။

သံဃရတနံ၊ သံဃာတော် တည်း ဟူသော ရတနာအမြတ် သုံးလူ့နတ်ကို။ အဟံ၊ ဘုရားတပည့်

တော်သည်။ သက္ကစ္စံ၊ ရှိသေလှစွာ။ သဗ္ဗဒါ၊ နေ့ရော ညဥ့်ပါ အခါခပ်သိမ်း။ ဝန္ဒာမိ၊ သဒ္ဒါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပူဇော်ပါ၏ အသျှင်ဘုရား။

သံဃော၊ သံဃာတော်မြတ် အပေါင်းသည်။ မယှံ၊ တပည့် တော်အား။ သုခံ၊ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ တော်မြတ်ကြီး ကို။ ဒေထ၊ လျှင်လျှင်မသွေ ပေးသနားတော် မူပါစေသတည်း။

၄။ မာတာပိတရော၊ မိခင်ဘခင် ကျေးဇူးရှင်တို့သည်။ မေ၊ ဘုရားတပည့်တော်၏။ သီသေ၊ ဦးခေါင်း ရတနာ မြတ်အင်္ဂါထက်၌။ တိဋ္ဌတု၊ အမြဲမသွေ တည်နေစောင့်ရှောက် ကိန်းဝပ်တော် မူကြပါစေ ကုန်သတည်း။

မာတာပိတုဂုဏံ၊ မိခင်, ဘခင် ကျေးဇူးရှင်တို့၏ ဂုဏ်ကျေးဇူးတော်ကို။ အဟံ၊ ဘုရားတပည့်တော် သည်။ သက္ကစ္စံ၊ ရှိသေလှစွာ။ သဗ္ဗဒါ၊ နေ့ရော ညဥ့်ပါ အခါခပ်သိမ်း။ ဝန္ဒာမိ၊ သဒ္ဒါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပူဇော်ပါ၏ အသျှင်ဘုရား။

မာတာပိတရော၊ မိခင်,ဘခင် ကျေးဇူးရှင်တို့ သည်။ မယှံ၊ တပည့်တော်အား၊ သုခံ၊ ကိုယ်စိတ်

နှစ်ပြာ ချမ်းသာခြင်းကို။ ဒေထ၊ လျှင်လျှားမသွေ့ ပေးသနားတော် မူပါစေသတည်း။

၅။ အာစရိယော၊ ဆရာသခင် ကျေးဇူး ရှင်သည်။ မေ၊ ဘုရား တပည့်တော်၏။ သီသေ၊ ဦးခေါင်း ရတနာ မြတ်အင်္ဂါထက်၌။ တိဋ္ဌတု၊ အမြဲမသွေ့ တည်နေစေသော့ရှောက် ကိန်းဝပ်တော် မူပါစေ သတည်း။

အာစရိယဂုဏံ၊ ဆရာသခင် ကျေးဇူးရှင်တို့၏ ဂုဏ်ကျေးဇူးတော်ကို။ အဟံ၊ ဘုရားတပည့်တော် သည်။သက္ကစ္စံ၊ ရိုသေလှစွာ။ သဗ္ဗဒါ၊နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ဝန္ဒာမိ၊ သဒ္ဓါမြတ်နိုး လက်စုံမိုး ကာ ရှိခိုးပါ၏ အသျှင်ဘုရား။

အာစရိယော၊ ဆရာသခင် ကျေးဇူး ရှင်သည်။ မယှံ၊ တပည့်တော်အား။ သုခံ၊ ကိုယ်စိတ်နှစ်ပြာ ချမ်းသာခြင်းကို။ ဒေထ၊ လျှင်လျှားမသွေ့ ပေးသ နားတော် မူပါစေသတည်း။

---

ဗုဒ္ဓါနုဿတိ ဘာဝနာ

၁။ (က) ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုပြုခြင်းငှါ ထိုက်တော် မမူသော မြတ်စွာဘုရား ပါ တကား။

(ခ) ကိလေသာ ရန်သူအပေါင်းကို သတ်တော်မူတတ်သော မြတ်စွာဘုရား ပါတကား။

(ဂ) လူနတ်ပြဟ္မာ သတ္တာ ခပင်းတို့၏ ဝပ်စင်း ဦးခိုက် ပူဇော်ခြင်း အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား ပါတကား။

၂။ ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် မိမိ အလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူတတ်သော မြတ်စွာဘုရားပါ တကား။

၃။ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတဆဲ့ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။

၄။ ကျိုးရှိဟုတ်မှန် သူနာခံလို မနာလိုသား နှစ်ခွန်းသောစကားဖြင့် ချိန်အား သင့်လျော် ကောင်းစွာ ဟောကြားဆိုးမတော်မူတတ်သော မြတ်စွာဘုရား ပါတကား။

၅။ သတ္တလောက, သင်္ခါရလောက, ဩကာသလောက တည်းဟူသော လောက သုံးပါးကို အကြွင်းမရှိ သိမြင်တော်မူတတ်သော မြတ်စွာဘုရားပါတကား။

၆။ အတုမရှိ မြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသေးသော လူယေးကျား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ား တို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားပါ တကား။

၇။ နတ်,လူ,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရားပါတကား။

၈။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော် မူပြီးသည်ဖြစ်၍ ဝေနေယျ များစွာ သတ္တဝါအပေါင်းအား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ခွဲဝေ သိမြင် စေတော် မူတတ်သော မြတ်စွာဘုရား ပါတကား။

၉။ ဣသရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ ဟု ဆို အပ်သော ဘုန်းတော်ခြောက်ပါးအစ ဘုန်းတော် အနန္တတို့နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ ဘုန်း တန်ခိုးတော် အလွန်ကြီးမြတ်တော်မူသော မြတ်စွာ ဘုရားပါတကား။

---

## ဓမ္မာနုဿတိ ဘာဝနာ

၁။ မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားတော် မူအပ်သော ပရိယတ်, မဂ်, ဖိုလ်, နိဗ္ဗာန်တရား ဆယ်ပါးပါ တကား။

၂။ အရိယာပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်ရှုမြင်အပ်ပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်တရား ကိုးပါးပါ တကား။

၃။ အခါမလင့် အခြားမဲ့၌ ဖိုလ်အကျိုးကို ဖြစ်စေတတ်သော မဂ်တရား လေးပါးပါတကား။
၄။ လာလှည့်-ရှုလှည့် ဟု တိုက်တွန်းအပ်သော အစီအရင်ကို ခံထိုက်သော မဂ်, ဖိုလ်, နိဗ္ဗာန်တရား ကိုးပါးပါတကား။
၅။ ကပ်၍ဆောင်ယူခြင်းငှါထိုက်သော မဂ်,ဖိုလ်,နိဗ္ဗာန်တရား ကိုးပါးပါတကား။
၆။ ဥဂ္ဃာဋိတညူစသော အရိယာပုဂ္ဂိုလ်တို့သည် ကိုယ်စီကယ်င, အသီးအသီး, သိအပ်ခံစားအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်တရား ကိုးပါးပါတကား။

---

## သံဃာနုဿတိ ဘာဝနာ

၁။ ကောင်းသောအကျင့်ကို ကျင့်ဆဲ, ကျင့်ပြီး ဖြစ်သော အရိယာ သံဃာရှစ်ပါး အပေါင်းပါတကား၊
၂။ ဖြောင့်မတ်သော အကျင့်ကို ကျင့်ဆဲ, ကျင့်ပြီး ဖြစ်သော အရိယာသံဃာ ရှစ်ပါး အပေါင်းပါတကား။
၃။ နိဗ္ဗာန်အကျိုးငှါ ကျင့်ဆဲ,ကျင့်ပြီးဖြစ်သော အရိယာ သံဃာ ရှစ်ပါးအပေါင်းပါတကား။
၄။ ရိုသေသမှု ပြုထိုက်အောင် ကျင့်ဆဲ,ကျင့်ပြီးဖြစ်သော အရိယာသံဃာ ရှစ်ပါး အပေါင်းပါတကား။

၁၄၁၁၂

၅။ အဝေးမှဆောင်၍ လှူအပ်သော ပစ္စည်းလေးပါးကို ခံထိုက်သော အရိယာသံဃာ ရှစ်ပါးအပေါင်းပါတကား။

၆။ ဧည့်သည်ကောင်းတို့အလို့ငှါ အထူးသဖြင့် စီရင်အပ်သော ပစ္စည်းဝတ္ထုတို့ကို အလှူခံခြင်းငှါ ထိုက်တော်မူသော အရိယာ သံဃာ ရှစ်ပါး အပေါင်းပါတကား။

၇။ မြတ်သော အလှူအားလျော်သော အရိယာသံဃာ ရှစ်ပါး အပေါင်းပါတကား။

၈။ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်သော အရိယာ သံဃာ ရှစ်ပါး အပေါင်းပါတကား။

၉။ လူအပေါင်း၏ ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ လယ်ယာ မြေကောင်းသဖွယ် ဖြစ်တော်မူသော အရိယာ သံဃာ ရှစ်ပါး အပေါင်းပါတကား။

ထိုဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော် မူကုန်သော ရတနာ အမြတ် သုံးပါးနှုတ်တို့အား ဘုရားတပည့်တော်သည် သဒ္ဓါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပူဇော်, ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ အသျှင်ဘုရား။

## မေတ္တာ ဘာဝနာ

ငါသည်, ရန်ကင်းပါစေ၊ စိုးရိမ်ခြင်းကင်းပါစေ၊ ဆင်းရဲခြင်း ကင်းပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ပါစေ။

ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ်တို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ကြပါစေ။

မချစ်လွန်း, မမုန်းလွန်း,အလယ်အလတ်၌ တည်ကုန်သော မဇ္ဈတ္တ ပုဂ္ဂိုလ်တို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ကြပါစေ။

ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့သည် ရန်ကင်း ကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ဆင်းရဲခြင်းကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ကြပါစေ။

(မှတ်ချက်။ ။ဤကား သီမသမ္ဘေဒပုံ၍ ပွားများပုံတည်း။)

ငါသည် ရန်ကင်းပါစေ၊ စိုးရိမ်ခြင်းကင်းပါစေ၊ ဆင်းရဲခြင်းကင်းပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ပါစေ။

မိခင်, ဘခင်, ကျေးဇူးရှင်တို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊မိမိတို့ကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ကြပါစေ။

ဆရာသခင်, ကျေးဇူးရှင်တို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

ဆွေးမျိုး-သားချင်း, ရောင်းရင်းများစွာ, ညာတကာ အပေါင်းတို့သည်, ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

ဤအိမ်တွင်း၌ မှီတင်းနေထိုင်ကြကုန်သော လူအပေါင်းတို့ကိုအစပြု၍ အလုံးစုံသောသတ္တဝါတို့သည်, ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ဆင်းရဲခြင်းကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

ဤ အရာမ်တွင်း၌ မှီတင်း နေထိုင်ကြကုန်သော လူအပေါင်းတို့ကို အစပြု၍ အလုံးစုံသော သတ္တဝါတို့သည်, ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

ဤအရပ်ဌာနသို့ စုဝေး ရောက်ရှိလာကြကုန်သော လူ, နတ်, ဗြဟ္မာ, များစွာသောင်းသောင်း၊ ပရိသတ်အပေါင်းတို့သည်, ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်းကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

ဤရပ်ကွက်အတွင်း၌ မှီတင်း နေထိုင်ကြကုန်သော လူအပေါင်းတို့ကို အစပြု၍ အလုံးစုံသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

ဤအရပ် ပတ်ဝန်းကျင်, ရွာနီးချုပ်စပ်, အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာတို့၌ မှီတင်း နေထိုင်ကြကုန်သော လူအပေါင်းတို့ကို အစပြု၍ အလုံးစုံသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

သာသနာတော်စောင့် နတ်အပေါင်းတို့ကို အစပြု၍ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ (ကျောင်းစောင့်နတ် ဓမ္မာရုံစောင့်နတ်၊) ဝိုင်းစောင့်နတ်၊ အရာမ်စောင့်နတ်၊ အရပ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ ဩသဓိဒေဝနတ်မင်း၊ ဝိဇ္ဇာဒေဝနတ်မင်း၊ မိုးနတ်မင်း၊ လေနတ်မင်း၊ နေနတ်မင်း၊ လနတ်မင်း၊ သင်းပင်းဗိုလ်ထု၊ စတုလောကပါလာ၊ မဟာရာဇ်နတ်မင်းကြီး လေးပါး၊ သိကြား, ဗြဟ္မာ၊ များစွာဉသုံ၊ အလုံးစုံကုန်သော နတ်ဒေဝါအပေါင်းတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊

ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

ဤသာသနာတော်မြတ်ကြီးကို အစဉ်စောင့်ရှောက်တော်မူကြကုန်သော ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ် အပေါင်းတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

အကျွန်ုပ်အား အာမိသကျေးဇူး၊ ဓမ္မကျေးဇူး တို့ဖြင့် ပြုဘူးကြပေကုန်သော ကျေးဇူးရှင်ပုဂ္ဂိုလ် အပေါင်းတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော် အပေါင်းတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

ဤမြို့နယ်၌ နေထိုင်လျက် ရှိကြကုန်သော လူအပေါင်းတို့ကို အစပြု၍ အလုံးစုံသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါ

စေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ကြပါစေ။

ဤတိုင်းပြည်၌ အုပ်ချုပ်ကြကုန်သော မင်းအစိုးရတို့ကို အစပြု၍ တိုင်းနေပြည်သူ လူအပေါင်းတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိတို့ကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ကြပါစေ။

အထက် ဘဝဂ်, အောက် အဝီစိ၊ နံ့သိ စကြဝဠာ၊ ဖီလာထုတ်ချင်း၊ အကြွင်းမဲ့ထင်၊ ဘုံသုံးပြင်၌၊ ကျင်လည် မျှောပါးကြရကုန်သော အလုံးစုံသော မြေနေသတ္တဝါ၊ ရေနေသတ္တဝါ ကောင်းကင်နေသတ္တဝါ အပေါင်းတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊မိမိတို့ကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ကြပါစေ။

အလုံးစုံသော အခြေမရှိသော သတ္တဝါ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါ၊ အခြေလေးချောင်းရှိသော သတ္တဝါ၊ အခြေများစွာရှိသော သတ္တဝါ အပေါင်းတို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ကြပါစေ။

## မေတ္တာအကျိုး ဆဲ့တမျိုး
## ဆောင်ပုဒ်

မေတ္တာ အကျိုး၊ ဆဲ့တမျိုးကား၊ အိပ်နိုး ချမ်းသာ၊ ယုတ်မာ မမက်၊ နှစ်သက် လူနတ်၊ စောင့်ကြပ် နတ်များ၊ မီးကား မလောင်၊ ဆိပ်ရှောင် မသင့်၊ လက်နက်နှင့်ပ၊ မစူးရှ တည့်၊ လွင့်ပ စိတ်တည်၊ မျက်နှာ ကြည်လေ၊ တွေဝေ မရှိ၊ သေရာဘိ ဆို၊ မင်ဖိုလ် မရ၊ ရှိပြန်က မူ၊ လားရ ဗြဟ္မာ့ပြည်၊ ဆဲ့တမည်၊ ပွားစည် မေတ္တာအကျိုးတည်း။

ထိုမှတပါး-

စက္ကဝါဠမ္ပိ ပါကာရံ၊ ကတွာ ရတနထူပိယံ၊
ကေသာ မေတ္တစိတ္တဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

ဟူ၍ ဟောတော်မူရာ အဓိပ္ပာယ်မှာ "စကြဝဠာ ကမ္ဘာ တံတိုင်းညီမျှ ကြီးမားခန့်ထယ်လှသည့် ရတနာစေတီတော် ကြီးကို တည်ထားကိုးကွယ်ရသည့် ကုသိုလ်သည်ပင် တကြိမ် တခါမျှ မေတ္တာပွားများရသော ကုသိုလ်၏ နှစ်ရာ ငါးဆယ် ခြောက်စိတ် စိတ်၊ တစိတ်, တစုကိုမျှပင် မတူနိုင်, မမှီနိုင်ရာ" ဟူ၍ ဖြစ်ပေသည်။

ထို့ပြင်လည်း- နဝကင်္ဂုတ္တရပါဠိ ဝေလာမ သုတ်တွင် မေတ္တာ ဘာဝနာ၏ အကျိုးတရားကား- အနှိုင်းအဆ မရနိုင်လောက် အောင် ကြီးကျယ်များပြားလှကြောင်း ဟောတော်မူချက် ရှိပေသည်။

ထို့ကြောင့် အမျိုးကောင်း သားသမီးတို့သည် မေတ္တာဘာဝနာကို အခါခါကြိုးစား၍ ပွားများသင့်လှပါပေသည်။

---

### ကောဋ္ဌာသ အသုဘာ ဘာဝနာ

#### အနုလုံ

ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ။

အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့။
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။
အူမ၊ အူသေး၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ ။

#### ပဋိလုံ

ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။
အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
ဦးနှောက်၊ အစာဟောင်း၊အစာသစ်၊အူသေး၊အူမ။
အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။

အညို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား။
အရေ၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊
ဆံပင်။

ဤသုံးဆဲ့နှစ်ပါးသော အဖို့အစုတို့သည် အဆင်းအားဖြင့်ရင်း၊ သဏ္ဌာန်အားဖြင့်ရင်း၊ အနံ့အားဖြင့်ရင်း၊ တည်ရာအရပ်အားဖြင့်ရင်း၊ မှီရာအကြောင်းအားဖြင့်ရင်း စက်ဆုပ်စရာရွံစရာ ဖြစ်ကုန်၏၊ မတင့်တယ်ကြကုန်၊ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်ကုန်၊ ငါ သူတပါးလည်း မဟုတ်ကုန်၊ ယောကျ်ားမိန်းမလည်း မဟုတ်ကုန်၊ ငါ့ကိုယ်, ငါ့ဟာ ငါလည်း မဟုတ်ကုန်။

အဟုတ်မှာကား- ခက်မာ, နူးညံ့-ပထဝီဓာတ်၊ ဖွဲ့စည်း, ယိုစီး-အာပေါဓာတ်၊ ပူ, အေး, နွေး- တေဇောဓာတ်၊ ထောက်ကန်, လှုပ်ရှား- ဝါယောဓာတ် အစရှိသော ဓာတ်သဘော အစုမျှတို့သာ ဖြစ်ကြပေကုန်၏၊ ထိုဓာတ်သဘောတို့သည်လည်း အမြဲတစေ ဖြစ်ပြီး ပျက်နေကြသည့် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘတရားတို့သာ ကေန်ဖြစ်ကြပေကုန်၏။

## မရဏဿတိ ဘာဝနာ

ငါသည် ကေန်မုချ သေရလတံ့။

တနေ့နှင့် တညမျှလောက် ကြာအောင် အသက်ရှည်လျှင် တော်ပေစွ။

တနေ့မျှလောက် ကြာအောင် အသက်ရှည်လျှင် တော်ပေစွ။

နေ့တဝက်မျှလောက် ကြာအောင် အသက် ရှည်လျှင် တော်ပေစွ။

ထမင်း တနပ် စားချိန်သောက် ကြာအောင် အသက်ရှည်လျှင် တော်ပေစွ။

ထမင်းတနပ်စားချိန်၏ တဝက်မျှလောက် ကြာအောင် အသက်ရှည်လျှင် တော်ပေစွ။

ထမင်း လေးငါးလုပ် မျိုသလောက် ကြာအောင် အသက်ရှည်လျှင် တော်ပေစွ။

ထမင်းတလုပ် မျိုသလောက် ကြာအောင် အသက်ရှည်လျှင် တော်ပေစွ။

ထွက်သက်မှ ဝင်သက်တိုင်ရုံ၊ ဝင်သက်မှ ထွက်သက်တိုင်ရုံလောက်ကြာအောင် အသက်ရှည်လျှင် တော်ပေစွ။

ကျန်မှုချ ငါ့သေရလတံ့။ ။

---

ဝိပဿနာ ဘာဝနာ

ကံ, စိတ်, ဥတု, အာဟာရ၊ အာရုံ, ဒွါရ အစရှိသော အကြောင်းတရားတို့သည် ညီညွတ်မှ ဖြစ်ပေါ်လာသော နာမ်,ရုပ်ပါ တကား။

ဖြစ်ပြီးလျှင် ပျက်စီး တတ်သောကြောင့် မမြဲသောနာမ်ရုပ်ပါတကား။

ဖြစ်ခြင်း, ပျက်ခြင်းတို့ဖြင့် နှိပ်စက် အပ်သောကြောင့် ဆင်းရဲသော နာမ်ရုပ်ပါတကား။

မိမိအလိုသို့ မလိုက်တတ်သောကြောင့် ငါ့ကိုယ်ဟုမမှတ်ထိုက်သော နာမ်ရုပ်ပါတကား။

အနှစ်သာရ ဘာမျှမရှိသောကြောင့် အချည်းနှီးအလကားဖြစ်သော နာမ်ရုပ်ပါတကား။

နှိပ်စက်တတ် သောကြောင့် ရန်သူနှင့်တူသော နာမ်ရုပ်ပါတကား။

အိုဘေး၏ တည်ရာဖြစ်သော နာမ်ရုပ်ပါတကား။

နာဘေး၏ တည်ရာဖြစ်သော နာမ်ရုပ်ပါတကား။

သေဘေး၏ တည်ရာဖြစ်သော နာမ်ရုပ်ပါတကား။

ပဋိသန္ဓေဘေး၏ တည်ရာဖြစ်သော နာမ်ရုပ်ပါတကား။

သုံးဆဲ့တဘုံ၌သာ ဖြစ်တတ်သော နာမ်ရုပ်ပါတကား။

အပါယ် လေးဘုံတို့၌ ပျော်ပျော်ကြီး ဖြစ်တတ်သော နာမ်ရုပ်ပါတကား။

---

## ဆုတောင်းပတ္ထနာ

အကျွန်ုပ်တို့တစု ဤသို့ယခုပြုလုပ်ဆည်းပူးအပ်သမျှသော အလုံးစုံသော ဒါနကုသိုလ်ကံစေတနာ၊ ကျင့်သုံးအပ်သော

သီလ ကုသိုလ်ကံ စေတနာ၊ ပွားများ အားထုတ် အပ်သော သမထ,ဝိပဿနာ ဘာဝနာ ကုသိုလ်ကံ စေတနာ။

နေ့စဉ်နေ့တိုင်းပြုလုပ် ဆည်းပူးအပ်သမျှသော အလုံးစုံသော ဒါန,သီလ,ဘာဝနာ ကုသိုလ်ကံစေတနာ။ သံသရာ ဘဝအဆက်ဆက်တို့က ပြုလုပ်ဆည်းပူးအပ်သမျှသော အလုံးစုံသော ဒါန,သီလ,ဘာဝနာ, ကုသိုလ်ကံ စေတနာ။

ဤသို့ပေါင်းအပ်, များပြတ်သော ကုသိုလ်ကံစေတနာ, အဖြာဖြာတို့ကြောင့် မအို–မသေ အမြဲနေသော၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာဖြစ်သော၊ တဏှာဝင်္ငါးရာ ကိလေသာမီးတို့၏ ကင်းရာ ငြိမ်းရာ ဖြစ်သော နိဗ္ဗာန် ချမ်းသာတော်မြတ်ကြီးကို မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အသျှင်ဘုရား။

*ယခု အားထုတ်ဆဲ ဖြစ်သော ဝိပဿနာ ဉာဏ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ လျင်မြန်စွာ ကျေးဇူး ပြုသည်ဖြစ်၍ နိဗ္ဗာန် ချမ်းသာတော် မြတ်ကြီးကို ဝဋ္ဋဘဝတိုတို အချိန်ကာလတိုတိုနှင့် လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အသျှင်ဘုရား။

**သတိ၊** ၊ခရေပွင့် **အမှတ်ပြမှာ** ယောဂီတို့ အတွက်သာ ဖြစ်သည်။

---

## ပတ္တိဒါန အမျှပေးဝေခြင်း

အကျွန်ုပ်တို့တစု ဤသို့ယခု ပြုလုပ် ဆည်းပူးအပ်သမျှ သော အလုံးစုံသော ဒါန, သီလ, ဘာဝနာ, ကုသိုလ်တို့၏ အဖို့ဘာဂကိုမိခင်,ဘခင်,ကျေးဇူးရှင်တို့အားရင်း၊ဆရာသခင်, ကျေးဇူးရှင်တို့အားရင်း၊ ဆွေမျိုးသားချင်း ရောင်းရင်းများ စွာ ဉာတကာအပေါင်းတို့အားရင်း၊ (ဤအရပ်ဌာနသို့တရား တော်နာ၊ စုဝေး ရောက်ရှိလာကြကုန်သော လူ, နတ်,ဗြဟ္မာ၊ များစွာသောင်းသောင်း၊ ပရိသတ် အပေါင်းတို့အားရင်း။) ဤအရာမ်အတွင်း၌ မှီတင်းနေထိုင်ကြကုန်သော လူအပေါင်း တို့အားရင်း၊ သတ္တာအပေါင်းတို့အားရင်း၊ အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အညီအမျှ ပေးဝေကြပါကုန်၏။

ဤအရပ်ပတ်ဝန်းကျင်, ရွာနီးချုပ်စပ်, အရပ်လေးမျက် နှာ, အရပ်ရှစ်မျက်နှာတို့၌ တည်နေကုန်သော လူအပေါင်း တို့ကို အစပြု၍ အလုံးစုံသော သတ္တာတို့အား အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အညီအမျှ ပေးဝေကြပါကုန်၏။

သာသနာတော်စောင့် နတ် အပေါင်းတို့ကို အစပြု၍ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ကျောင်းစောင့်နတ်, ဓမ္မာ ရုံစောင့်နတ်, ဝိုင်းစောင့်နတ်, အရာမ်စောင့်နတ်, အရပ် စောင့်နတ်, ရွာစောင့်နတ်, မြို့စောင့်နတ်, တောစောင့်နတ်, တောင်စောင့်နတ်။ ။ဘုမ္မစိုးနတ်, ရုက္ခစိုးနတ်, အာကာသ စိုးနတ်, ဩသဓိဒေဝနတ်မင်း, ဝိဇ္ဇာဒေဝနတ်မင်း, မိုးနတ်

မင်း, လေနတ်မင်း, နေနတ်မင်း, လနတ်မင်း။ ။သင်းပင်း ဗိုလ်ထု, စတုလောကပါလာ, မဟာရာဇ်နတ်မင်းကြီးလေးပါး, သိကြား, ပြဟ္မာ, များစွာဥဿုံ၊ အလုံးစုံကုန်သော နတ်ဒေဝါ အပေါင်းတို့အား အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အညီအမျှ ပေးဝေကြပါကုန်၏။

အလုံးစုံသော ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ် အပေါင်းတို့အားရင်း။ အကျွန်ုပ်၏ ကျေးဇူးရှင် ပုဂ္ဂိုလ် အပေါင်း တို့အားရင်း၊ သာသနာ့ ဝန်ထမ်း,ရဟန်း သံဃာတော် အပေါင်းတို့အား ရင်း၊ အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အညီအမျှ ပေးဝေကြပါ ကုန်၏။

ဤမြို့၌ နေထိုင်ကြကုန်သော ဤနယ်၌ နေထိုင်ကြသော လူအပေါင်းတို့ကို အစပြု၍ အလုံးစုံသော သတ္တာ တို့အား အကျွန်ုပ်တို့၏ ကုသိုလ် အဖို့ကို အညီအမျှ ပေးဝေ ကြပါ ကုန်၏။

ဤတိုင်းပြည်၌ အုပ်ချုပ်ကြကုန်သော မင်း,အစိုးရတို့ကို အစပြု၍ တိုင်းနေပြည်သူ လူအပေါင်းတို့အားရင်း၊ အလုံးစုံ သော သတ္တာတို့အားရင်း၊ အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အညီအမျှ ပေးဝေကြပါကုန်၏။

သုံးဆဲ့တဘုံ ကျင်လည်ကုန်သော လုံးစုံများစွာ သတ္တာ အပေါင်းတို့အား အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အညီအမျှ ပေးဝေ ကြပါကုန်၏။

ထိုထို ဆိုအပ်ခဲ့ကုန်ပြီးသော ပုဂ္ဂိုလ်များစွာ နတ်ဗြဟ္မာနှင့် သတ္တဝါအပေါင်းတို့သည် အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အညီအမျှ ရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဝမ်းမြောက် ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။

သူတော်ကောင်း, သူမြတ် လောင်းတို့ ပေးဝေသော ကုသိုလ်၏ အဖို့ကိုလည်း အကျွန်ုပ်တို့က ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ဆိုကြပါကုန်၏။

သာဓု.... သာဓု.... သာဓု

**သတိ**။ ။ကျိန်နည်းကိုမှီး၍ မိမိတို့အလိုရှိရာဌာနရှိ ပုဂ္ဂိုလ်များကို မိမိတို့ ဆန္ဒအတိုင်း ခွဲထွင်၍ ပို့သပေးဝေရန်ဖြစ်သည်၊ ကွင်းအမှတ်ပြ အပိုဒ်များကိုလည်း မိမိတို့ဌာန ဒေသနှင့်အညီ ထုတ်ပယ်၍ ၎င်း၊ ဖြည့်စွက်၍၎င်း ဉာဏ်ရှိတိုင်း ပေးစေနိုင်ကြပါစေ။

---

## တိုင်တည်၍ ပို့သ,ပေးဝေခြင်း

မြင့်မိုတောင်၏ အရှေ့မျက်နှာအရပ်၌ အခြေအရံ ဂန္ဓဗ္ဗနတ်,ပရိသတ်များစွာတို့နှင့်တကွ ဓတရဋ္ဌနတ်မင်းကြီး။

မြင့်မိုရ်တောင်၏ တောင် မျက်နှာ အရပ်၌ အခြံအရံ ကုမ္ဘဏ္ဍနတ်, ပရိသတ်များစွာတို့နှင့်တကွ ဝိရူဠှက နတ်မင်းကြီး။

မြင့်မိုရ်တောင်၏ အနောက် မျက်နှာအရပ်၌ အခြံအရံ နတ်နဂါးများစွာတို့နှင့်တကွ ဝိရူပက္ခနတ်မင်းကြီး။

မြင့်မိုရ်တောင်၏ မြောက်မျက်နှာ အရပ်၌ အခြံအရံ နတ်ဘီလူး ပရိသတ် များစွာ တို့နှင့် တကွ ကုဝေရ မည်သော ဝေဿဝဏ်နတ်မင်းကြီး။

အခြံအရံ နတ်ပရိသတ် များစွာတို့နှင့်တကွ ထိုစတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့သည် ရန်ကင်း ကြပါစေ, စိုးရိမ်ခြင်းကင်းကြပါစေ, ဆင်းရဲခြင်း ကင်းကြပါစေ, မိမိတို့ကိုယ်ကို ချမ်းသာအောင် ရှက်ဆောင် နိုင်ကြပါစေ။

အခြံအရံများစွာတို့နှင့်တကွ ထိုစတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့အား အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အညီအမျှ ပေးဝေကြပါကုန်၏။ ထိုနတ်မင်းကြီး လေးဦးတို့သည် အခြံအရံ နတ်ပရိသတ် များစွာတို့နှင့်တကွ အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အညီအမျှ ရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ, ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။

ဤသို့ အထူးအားဖြင့် ပွားများပို့သအပ်သော မေတ္တာတရား အညီအမျှပေးဝေအပ်သော ကုသိုလ်အဖို့ကို ခံယူရရှိကြ

ကုန်သည်ဖြစ်၍ ရရှိကြသည် အားလျော်စွာ အခြံအရံ နတ်ပရိသတ်များစွာ တို့နှင့်တကွ ထိုစတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် အကျွန်ုပ်တို့အား ကျေးဇူးတရား တုန့်ပြန်သောအားဖြင့် သာသနာတော် မြတ်ကြီးကိုရင်း, အကျွန်ုပ်တို့ကိုရင်း အန္တရာယ် ကင်းပျောက်, ချမ်းသာ ရောက်အောင်, စောင့်ရှောက်တော် မူကြပါစေသတည်း။ စောင့်ရှောက်တော်မူကြပါကုန်လော။

၁။ ပုရတ္ထိမေန ဓတရဋ္ဌော၊
ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊
ကုဝေရော ဥတ္တရံ ဒိသံ။

၂။ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ ရက္ခန္တု၊
အရောဂေန သုခေန စ။

ပုရတ္ထိမေန၊ မြင့်မိုရ်တောင်မှ ငွေရောင်ကုန့်မြူး အရှေ့မျက်နှာ စူးစူးအရပ်၌။ ဓတရဋ္ဌော၊ ဂန္ဓဗ္ဗနွယ်ရိုး နတ်အမျိုးကို အုပ်စိုးပိုင်နင်း ဓတရဋ္ဌ နတ်မင်းကြီးသည်ရင်း။ ဒက္ခိဏေန၊ မြင့်မိုရ်တောင်မှ မြရောင်ကုန့်မြူး တောင်မျက်နှာ စူးစူးအရပ်၌။ ဝိရူဠှကော၊ ကုမ္ဘဏ်နွယ်ရိုး နတ်အမျိုးကို အုပ်စိုးပိုင်

နှင်း ဝိရူဠှက နတ်မင်းကြီးသည်ရင်း။ ပစ္ဆိမေန၊ မြင့်မိုတောင်မှ ဖန်ရောင်ကွန့်မြူး အနောက်မျက်နှာ စူးစူးအရပ်၌။ ဝိရူပက္ခာ စ၊ နန္ဒောပနန္ဒ စသည်ကျော်ဟိုး နဂါးမျိုးကို အုပ်စိုးပိုင်နှင်း ဝိရူပက္ခနတ်မင်းကြီးသည်ရင်း။ ။စတ္တာရော၊ လေးယောက်ကုန်သော။ တေ မဟာရာဇာ၊ ထို နတ်မင်းကြီးတို့သည်။ လောကပါလာ၊ လောကကို စောင့်ရှောက်တတ်ပေကုန်၏။ ယသဿိနော၊ များစွာသော အခြံအရံ အကျော်အစောလည်း ရှိကြပေကုန်၏။ တေပိ မဟာရာဇာ၊ လောကပါလ မည်နာမနှင့် တေဇဂုဏ်မောက် ထို နတ်မင်းကြီး လေးယောက်တို့သည်လည်း။ အမှေ၊ အကျွန်ုပ်တို့ကို။ အရောဂေန စ၊ ကိုးဆဲ့ခြောက်ဖြာ ဘေးဘယာတို့ ကိုယ်မှာ ရှင်းလင်း အနာကင်းရလေအောင်။ သုခေန စ၊ ကိုယ်စိတ်နှစ်ဖြာ၊ အေးကြည်သာ၍ ဘယာမငြိ ဘေးမထိရလေအောင်။ [အဝေရေန စ၊ မီး, ရေ, မင်း, ခိုး, မချစ်မြတ်နိုးသော ငါးမျိုးသော ရန်သူတို့သည် မနှံမနှိပ်စက် မဖျက်ဆီးရလေအောင်]။ အနုရက္ခန္တု၊ သားသမီးပမာ အေးမေတ္တာဖြင့် ကြင်နာကဲမောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ အနုရက္ခန္တု၊ သားသမီးပမာ၊ ကရုဏာ ဖြင့်၊ ရှုကာရွေးကောက် ဘေးမရောက်စေဘဲ စောင့်ရှောက်နိစ္စ မ,တော်မူကြပါကုန်လော။

## မေတ္တာကို ခံယူခြင်း

ဗုဒ္ဓသာ၊ သစ္စာသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သီဝံ၊ သီတာရေစင်ပမာ ချမ်းမြ အေးကြည်လှစွာသော။ မေတ္တံ၊ မေတ္တာတော်ရေစင်ကို။ ဂဏှာမိ၊ ခံယူပါ၏ အသျှင်ဘုရား။

ဓမ္မသာ၊ တရားတော်မြတ်အပေါင်း၏။ သီဝံ၊ သီတာရေစင်ပမာ ချမ်းမြအေးကြည်လှစွာသော။ မေတ္တံ၊ မေတ္တာတော်ရေစင်ကို။ ဂဏှာမိ၊ ခံယူပါ၏ အသျှင်ဘုရား။

သံဃသာ၊ သံဃာတော်မြတ် အပေါင်း၏။ သီဝံ၊ သီတာရေစင်ပမာ ချမ်းမြအေးကြည်လှစွာသော။ မေတ္တံ၊ မေတ္တာတော် ရေစင်ကို။ ဂဏှာမိ၊ ခံယူပါ၏ အသျှင်ဘုရား။

မာတာပိတုန်၊ မိခင် ဘခင် ကျေးဇူးရှင်တို့၏။ သီဝံ၊ သီတာရေစင်ပမာ ချမ်းမြအေးကြည်လှစွာသော။ မေတ္တံ၊ မေတ္တာတော် ရေစင်ကို။ ဂဏှာမိ၊ ခံယူပါ၏ အသျှင်ဘုရား။

အာစရိယာနံ၊ ဆရာသခင် ကျေးဇူးရှင်တို့၏။ သီဝံ၊ သီတာရေစင်ပမာ ချမ်းမြ အေးကြည်လှစွာသော။ မေတ္တံ၊ မေတ္တာရေစင်ကို။ ဂဏှာမိ၊ ခံယူပါ၏ အသျှင်ဘုရား။

ဉာတိသာလောဟိတာနံ၊ ဆွေမျိုးသားချင်း ရောင်းရင်းများစွာ ဉာတကာအပေါင်းတို့၏။ သီဝံ၊ သီတာရေစင်ပမာ ချမ်းမြအေးကြည်လှစွာသော။ မေတ္တံ၊ မေတ္တာရေစင်ကို။ ဂဏှာမိ၊ ခံယူပါ၏ အသျှင်ဘုရား။

သဗ္ဗမနုဿာနံ၊ ခပ်သိမ်းဉသုံ လုံးစုံများစွာ လူတကာ တို့၏။ သီဝံ၊ သီတာရေစင်ပမာ ချမ်းမြ အေးကြည်လှစွာ သော။ မေတ္တံ၊ မေတ္တာရေစင်ကို။ ဂဏှာမိ၊ ခံယူပါ၏ အသျှင်ဘုရား။

သဗ္ဗဒေဝတာနံ၊ ခပ်သိမ်းဉသုံ လုံးစုံများစွာ နတ်ဒေဝါ တို့၏။ သီဝံ၊ သီတာရေစင်ပမာ ချမ်းမြ အေးကြည်လှစွာ သော။ မေတ္တံ၊ မေတ္တာရေစင်ကို။ ဂဏှာမိ၊ ခံယူပါ၏ အသျှင် ဘုရား။

သဗ္ဗသတ္တာနံ၊ ခပ်သိမ်းဉသုံ လုံးစုံများစွာ သတ္တဝါ တို့၏။ သီဝံ၊ သီတာရေစင်ပမာ ချမ်းမြအေးကြည်လှစွာ သော။ မေတ္တံ၊ မေတ္တာတော်ရေစင်ကို။ ဂဏှာမိ၊ ခံယူပါ၏ အသျှင်ဘုရား။

### အမျှပေးဝေခြင်း

ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

ဧတ္တာဝတာ စ၊ ဤမျှ အတိုင်းအရှည်ရှိသော ဘုရား ဟော ဒေသနာ, ဓမ္မရတနာအစဉ်ဖြင့်။ အမှေဟိ၊ အကျွန်ုပ် တို့သည်။ သမ္ဘတံ၊ ကောင်းစွာအသင့် သဒ္ဓါပွင့်၍ ဖြည့် ကျင့်ဆည်းပူးအပ်သော။ ပုညသမ္ပဒံ၊ ဖြူစင်သန့်ရှင်း ကုသိုလ် ကောင်းမှုတို့၏ ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ကြွင်းမဲ့ဉသုံ အလုံး

စုံလည်း ဖြစ်ကုန်သော။ ဒေဝါ၊ သင်္ချောသင်္ချော များစွာ သောင်းသောင်း အရှင်နတ်ဗြဟ္မာအပေါင်းတို့သည်။ သမ္ဗ သမ္ပတ္တိသိဒ္ဓိယာ၊ အလုံးစုံသော လောကီ လောကုတ္တရာ ပစ္စုပ္ပန်သံသရာ အဖြာဖြာသော စည်းစိမ်ချမ်းသာ မင်္ဂလာ ကြက်သရေ အပေါင်းတို့နှင့် ပြီးစီး ပြည့်စုံကြစေခြင်းငှါ။ အနုမောဒန္တု၊ ကြည်သာရွှင်ပျ ဝမ်းမြောက်တော် မူကြပါစေကုန်သတည်း။ အနုမောဒန္တု၊ ဝမ်းမြောက်နှမော် သာဓု....သာဓု ခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။

## တိုက်တွန်းခြင်း-ခွင့်လွှတ်ခြင်း

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

သဒ္ဓါယ၊ ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့်။ ဒါနံ၊ ပေးကမ်းစွန့်ကြဲ နှဲများမဟူ အလှူဒါန ဟူသမျှကို။ ဒဒန္တု၊ ဘာဝဘောဂ တောင့်တမရှိ ပကတိစင်ဖြူ ပေးလှူနိုင်ကြပါစေကုန်သတည်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ သီလံ၊ ငါးပါး,ရှစ်ပါး ကိုးပါး,ဆယ်လီ ဆောက်တည် ကျင့်သုံးအပ်သော သီလတရားကို။ ရက္ခန္တု၊ မကျိုးမပေါက် မပြောက်မကျား ရအောင် ကောင်းစွာမသွေ ထိန်းသိမ်း စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါ

ခပ်သိမ်း။ ဘာဝနာဘိရတာ၊ သမထ, ဝိပဿနာ နှစ်ရပ်သော ဘာဝနာတရား၌ အားစိုက်ကြိုးပမ်းလျက် စီးဖြန်းမွေ့လျော်နိုင်ကြကုန်သည်။ ဟောန္တု၊ မုချမသွေ ဖြစ်ပါစေကုန်သတည်း။ အာဂတာ၊ စကြဝဠာ ကမ္ဘာလောကခါတ် အရပ်ရပ်မှ ဆိုက်ကပ်ညီညာ ကြွရောက်၍လာကြကုန်သော။ ဒေဝတာ၊ သခင်သခ်ျာ များစွာသောင်းသောင်း အရှင်နတ်ဗြဟ္မာအပေါင်းတို့သည်။ ဂစ္ဆန္တု၊ မိမိတို့နေရာ ဘုံဗိမာန်နန်းသို့ ကြွမြန်းတော်မူနိုင်ကြပါစေကုန်သတည်း။

အနိစ္စကာယံ–အနိစ္စကာယေန၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ အနိစ္စဖြစ်သော ခန္ဓာကိုယ်ဖြင့်။ ဗုဒ္ဓံ၊ သစ္စာသိမြင်ဘုရားရှင်ကို။ ပူဇေမိ၊ ပူဇော်ကန်တော့ပါ၏အသျှင်ဘုရား။

ဒုက္ခကာယံ–ဒုက္ခကာယေန၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ ဒုက္ခဖြစ်သော ခန္ဓာကိုယ်ဖြင့်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ကန်တော့ပါ၏ အသျှင်ဘုရား။

အနတ္တကာယံ–အနတ္တကာယေန၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ အနတ္တဖြစ်သော ခန္ဓာကိုယ်ဖြင့်။ သံဃံ၊ သံဃာတော်မြတ် အပေါင်းကို။ ပူဇေမိ၊ ပူဇော်ကန်တော့ပါ၏ အသျှင်ဘုရား။

---

# ပဋိစ္စသမုပ္ပါဒ် ဒေသနာ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

### အတိတ်အကြောင်းခြင်းရာ-သမုဒယသစ္စာ

၁။ အဝိဇ္ဇာဖုံးဖိ - မသိမှုန်ကန်၊
သင်္ခါရမျိုး - ကောင်းဆိုးထိုကမ်၊
လိုချင်,စွဲလမ်း - အရမ်းပြုပြန်၊
ဇာတိစ - ရကြ ဝိညာဏံ။

၂။ အတိတ်ကာလ - ငါးဝကြောင်းသာ၊
ပစ္စုပ္ပန်ကျိုး - ငါးမျိုးခန္ဓာ၊
ဝိညာဏ်,နာမ်ရုပ် - ကြည်ရုပ်ခြောက်ဖြာ၊
ဖဿပြု - ငါးခု ဝေဒနာ။

ပစ္စုပ္ပန်အကျိုးခြင်းရာ ဒုက္ခသစ္စာ

၃။ မျက်မှောက်ကာလ - ဒွါရခြောက်ဖြာ၊
ရုပ်နာမ်ကြောင်းကျိုး - ငါးမျိုးခန္ဓာ၊
ဖြစ်လာပျက်ရ - ဒုက္ခမှန်စွာ၊
လိုမကျ - သုည အနတ္တာ။
၄။ မျက်စိအဆင်း - ရုပ်ချင်းတိုက်ခါ၊
ဝိညာဏ်,မြင်သိ - စိတ်ရှိပေါ်လာ၊
သုံးခုဆုံကျ - တွေ့ရဖဿာ၊
မြင်ခံစား - သုံးပါး ဝေဒနာ။
၅။ နားရုပ်အသံ - တွေ့ပြန်ခိုက်ခါ၊
ဝိညာဏ်,ကြားသိ - စိတ်ရှိပေါ်လာ၊
သုံးခုဆုံကျ - တွေ့ရဖဿာ၊
ကြားခံစား - သုံးပါး ဝေဒနာ။
၆။ နှာခေါင်းအနံ့ - ခိုက်တန့်ကြုံခါ၊
ဝိညာဏ်,နံသိ - စိတ်ရှိပေါ်လာ၊
သုံးခုဆုံကျ - တွေ့ရဖဿာ၊
နံခံစား - သုံးပါး ဝေဒနာ။
၇။ လျှာနှင့်ရသ - ဆုံကြသည့်ခါ၊
ဝိညာဏ်,စားသိ - စိတ်ရှိပေါ်လာ
သုံးခုဆုံကျ - တွေ့ရဖဿာ၊
စားခံစား - သုံးပါး ဝေဒနာ။

၇။ ကိုယ်ရုပ်ထိရုပ် - အဟုတ်တွေ့ခါ၊
ဝိညာဏ်,ထိသိ - စိတ်ရှိပေါ်လှာ၊
သုံးခုဆုံကျ - တွေ့ရဖဿာ၊
ထိခံစား - သုံးပါး ဝေဒနာ။

၈။ မနော,ဓမ္မ - ဆုံကြသည့်ခါ၊
ဝိညာဏ်,ကြံသိ - စိတ်ရှိပေါ်လှာ၊
သုံးခု ဆုံကျ - တွေ့ရဖဿာ၊
ကြံခံစား - သုံးပါး ဝေဒနာ။

**အထူးမှတ်ရန်။** ။သာဝဇ္ဇန-ဘဝင်္ဂစိတ္တံ၊
မနောဒွါရ-ခေါ်ရအမှန်၊
ပသာ,ဒူရေ....စိတ်,စေသဗ္ဗံ၊
ပညတ်က....ဓမ္မအာရမ္မဏံ။

## ပစ္စုပ္ပန်အကြောင်းခြင်းရာ သမုဒယသစ္စာ

၁။ ကောင်း,သင့် ခံစား - ဖြစ်ပွားတကျော၊
ဆိုတာကြုံရ - ဖြစ်ထဒေါသာ၊
ကောင်းတာ တောင့်တ - ဖြစ်ရတကျော၊
စွဲလမ်းမက် - နောက်ဆက် ဥပါဒါ။

၂။ စွဲလမ်းမိက - ပြုကြကမ်ကို၊
ရရာ ရကြောင်း - ဆိုးကောင်းထိုထို၊

ကမ္မဘဝ - သုံးဆပိုမို၊
ဤရှစ်ဝ - ဒုက္ခ စက်ကြီးလို။

### အနာဂတ် အကျိုးခြင်းရာ ဒုက္ခသစ္စာ

၃။ ကမ်ပြုမိက - ဘဝနောင်ခါ၊
သန္ဓေဇာတိ - အိုဘိ,သေ,နာ။
စိုးရိမ်ပူဆွေး - ငိုကြွေးခါခါ၊
ကိုယ်စိတ်ထဲ - ဆင်းရဲ လွန်ပူဆာ။

၄။ ခြောက်ခွင်ဒွါရ - နှစ်ဝရုပ်နာမ်၊
ခန္ဓာငါးမျိုး - ကြောင်းကျိုးတန်တန်။
ဖြစ်ပေါ်ပျောက်ပျက် - သက်သက်ဒုက္ခ၊
ငါသူကင်း - သိမ်ဖျင်း အနတ္တ။

### သတိပညာ ကွပ်ကဲရာ

၁။ ရုပ်နာမ်မသိ - ငါရှိထင်ရောင်၊
ခင်မင်စွဲလမ်း - အစွမ်းကုန်အောင်၊
ပူပန်ကြောင့်ကြ - သောကဝေလောင်၊
ပူမဆုံး - ပူလုံး ဒုက္ခကောင်။

၂။ မောဟပိတ်ဆီး - မှောင်ကြီးရော၊
လောဘ,ဒေါသ - တောထကိုယ်မှာ၊
အတ္တဒိဋ္ဌိ - စွဲငြိလေကာ၊
သေခါကျ - မုချ ငရဲသာ။

၃။ မျက်လုံးက စ - ဒွါရခြောက်တန်၊
ကိလေမီးတို့ - ညီးညီးထိန်လျှံ၊
နေ့ညမစဲ - ထပ်လဲကြိမ်ဖန်၊
လောင်နေလျက် - ဘယ်တွက်မေ့နိုင်ပြန်။
၄။ ခုမှန်မြင်သိ - ဒိဋ္ဌိပယ်ခွါ၊
မဂ္ဂင်အလုပ် - ကြိုးကုတ်လျှင်စွာ၊
မဂ်ဉာဏ်အဘိဒိ - ရရှိလေခါ၊
ပါယ်လေးဝ - လွတ်ရ....မြိုက်ချမ်းသာ။

ဒိဋ္ဌိယူမှား မြန်ပယ်ရှား

ရင်ဝလှံစူး - ထိပ်ဦးမီးလောင်၊
ပမာပုံထား - တရားကျင့်ဆောင်၊
ဒိဋ္ဌိယူမှား - ပယ်ရှားနိုင်အောင်၊
သတိပြု - လျင်ခုဉာဏ်ရည်ဆောင်။

---

## သံယုတ်ပါဠိတော်

### အကုသိုလ်မှု သတိပြု

လောဘတရား - ဖြစ်ငြားပြီတ္တာ၊
ဒေါသလွန်ကဲ - ငရဲသွားရှာ၊
မောဟစင်စစ် - တိရစ္ဆာနာ၊
ဒိဋ္ဌိပြစ် - ကျွံနစ်ငရဲသာ။

# အင်္ဂုတ္တရပါဠိ အဋ္ဌသာလိနီ

## မသေမီမှာ ကိုယ်ကျိုးရှာ

သဗ္ဗေသတ္တာ မရိဿန္တိ၊ မရန္တိ စ မရိံသု စ။
တထေဝါဟံ မရိဿာမိ၊ ဧတ္ထ မေ နတ္ထိ သံသယော။

ခပ်သိမ်းသတ္တာ၊ အားလုံးမှာကား၊မရဏာမင်း၊သူ့လက်တွင်းမို့၊ မယွင်းမှန်စွ၊ အနိစ္စချည့်၊ ကာလဘယ်ခါ၊ ဘယ်အနာနှင့်၊ မှန်စွာနေ့ရက်၊ ချိန်းအချက်လျှင်၊ သက်သက်ဘယ်မှာ၊ မရှိပါဘူး၊ မှန်စွာမုချ၊ သေကုန်ရလိမ့်၊ မြင်ကြရှေ့တွင်၊ သေပွဲဝင်ရှင့်၊ ယခင်ရှေးခါ၊ ထိုနည်းသာပ၊ သေလွန်ကြတည့်၊ ထပ်မျှနည်းတူ၊ ငါတမူလည်း၊ မဟူနေ့ည၊ မှန်သေရအံ့၊ သေရလိမ့်လား၊ မသေလားဟု၊ ယုံမှားဒွိဟ၊ ကင်းစင်ပ၏၊ မုချမှန်စွာ၊ သေရမှာကား၊ သတ္တာထုံးတမ်း၊ စဉ်လာလမ်းမို့၊ ဖြောင့်တန်းသေချာ၊ မလွတ်ပါပြီ၊ လျင်စွာကိုယ်ကျိုးရှာမှသော်။

## ရုပ်နာမ်သိမှ ချမ်းသာရ

၁။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ၊ ဝိညာဏ၊ ငါးဝ ခန္ဓာမှာ။

၂။ ဖောက်ပြန်,ခံစား၊ မှတ်သား,ပြုပြင်၊ သိ-ဝိညာဉ်၊ ငါးအင်အစုသာ။

၃။ ခန္ဓာငါးဝ၊ ရုပ်နာမ်မျှ၊ ဓမ္မသက်သက်သာ။

၄။ ရုပ်နာမ်မမြင်၊ ငါသူထင်၊ ခင်မင်ကြောင့်ကြရှာ။
၅။ လော, ဒေါ, မောဟ၊ ဒိဋ္ဌိစ၊ များစွာကိလေသာ။
၆။ မဂ်ဖိုလ်မရ၊ သေလွန်က၊ လားရပါယ်လေးရွာ။
၇။ ဝိပဿနာဉာဏ်၊ အမြင်မှန်၊ ရုပ်နာမ်သိကြောင်းရှာ။
၈။ ရုပ်နာမ်သက်သက်၊ ကြောင်းကျိုးဆက်၊ ဖြစ်ပျက်ရှုမြင်ကာ။
၉။ မုန်းအောင်ရှုလျှင်၊ မလိုချင်၊ ဆုံးမြင်မဂ်ချမ်းသာ။

## ကုသိုလ်ကောင်းမှု အမြန်ပြု

ဆောလျှင်မြန်စွ၊ ပြုကြကုသိုလ်၊
မကောင်းစိတ်ထား၊ မြစ်တားရန်လို။
ကောင်းမှုပြုရေး၊ နှောင့်နှေးသူဆို၊
ယုတ်မာမိုက်၊ စိတ်ကြိုက်မွေ့ပျော်လို။

[ဓမ္မပဒပါဠိတော်]

## သေမည်စဉ်းစား ကောင်းမှုပွား

၁။ အို, အို...လူသား - ရငြားသန္ဓေ၊
အို, နာ, သေပွဲ - မလွဲပုံသေ၊
ရောဂါ, ဒေသ - ကာလ မခရေ၊
အရင်ဦး - ဆည်းပူး ကုသိုလ်တွေ။
၂။ သန္ဓေကိုရ - မုချသေမည်၊
နေ့လား ညလား - ခွဲခြားနိုင်ပြီ၊

ကြိုတင်ယခု - အကုရှောင်ဖို၊
ကုသိုလ်မျိုး - အားကြိုးပြုရမည်။

### ဘယ်သူမပြု မိမိမှု

မိမိပျိုးလေ့ - မျိုးစေ့တူစွာ၊
ချိန်တန်ကာလ - သီးရပမာ၊
ကောင်းတာပြုက - ကောင်းရသေချာ၊
မကောင်းလုပ် - ဆိုးယုတ် မကောင်းစွာ။
( သံယုတ်ပါဠိတော် )

### ရခဲစွာလှ ဒုလ္လဘ

သာသနာမြတ် - လေးရပ် သစ္စာ၊
ဟောပြနိုင်တတ် - ထူးမြတ် ဆရာ၊
ထောင်နိုင် နားရှိ - ကျင့်ဘိ ကောင်းစွာ၊
ပုဇော်မြတ် - ငါးရပ် ဒုလ္လဘာ။
(အင်္ဂုတ္တိုရ်ပါဠိတော်)

### ဒုလ္လဘတရား ငါးပါး

ဘုရားပွင့်ခဲ - ဖြစ်ခဲ လူ့ရွာ၊
သဒ္ဓါ ပြည့်လျှမ်း - ရဟန်း တဖြာ၊
သစ္စာ တရား - နာကြား ခွင့်ခါ၊
ရခဲစွ - ကြိုးကြ ခုချိန်ခါ။
(သံ, အံ, သုတ္တ, သီလက္ခန္ဓ အဋ္ဌကထာ)

သူတော်ကောင်း ဥစ္စာ ခုနစ်ဖြာ

သဒ္ဓါ, သီလ - သုတ, စာဂါ၊
ဟိရောတ္တပ္ပ - မြတ်လှ ပညာ၊
သူတော်မြတ်ချစ် - ခုနစ် ဥစ္စာ၊
အားပါးထုတ် - အဟုတ် ရအောင်ရှာ။
(ဓမ္မပဒ ပါဠိတော်)

မြတ်ဘုရား မိန့်ခွန်းတော်

မဂ္ဂင် အလုပ် - အားထုတ် လျင်မြန်၊
ရိုးရာလေ့နဲ့ - မမေ့ကြရန်၊
ဋ္ဌမ္မလျော့နေက - နောင်တ ပူပန်၊
သော့ချိန်နိုး - ပူမီး ဒုက္ခလျှံ။

မဂ်ဖိုလ်ရရန် အင်လေးတန်

သူတော် ဆည်းကပ် - မြတ်တရား နာ၊
သင့်တင့် နှလုံး - ကျင့်သုံး လျော်စွာ၊
လေးဖြာ ညီက - မဂ်ရ သေချာ၊
သံယုတ္တ - ဗုဒ္ဓ မိန့်ခွန်းမှာ။
(သံယုတ် ပါဠိတော်)

သောတာပန်ဖြစ်ရာ ကြောင်းငါးဖြာ

ယုံကြည်, ဖြောင့်စင်း - နာကင်း ကျန်းမာ၊
အားထုတ် လွန်များ - တရား ကိုသာ၊

ရုပ်နာမ် ဖြစ်ပျက် - ခွဲဝက် ဉာဏ်မှာ၊
အင်္ဂါငါး - ရဩား မဂ်သောတာ။
(ပဋ္ဌဂ္ဂတ္တာရ ပါဠိတော်)

မဂ်ဖိုလ်ရရန် ရှုနည်းမှန်

ခန္ဓာ အရှိ - သတိ ကပ်ကာ၊
လုံ့လ လွန်ကဲ - ဉာဏ်စွဲ ရှုပါ၊
လောဘ, ဒေါသ - ပယ်ချ ကိုယ်မှာ၊
လျင်ခဏ - ရကြ မဂ်ဖိုလ်သာ။
(သတိပဋ္ဌာန် ပါဠိတော်)

သမာဓိဘေးရန် ခြောက်ပါး

ဟောင်း,သစ် ကြံခြင်း - လျော့,တင်းလုလ္လာ၊
နိဗ္ဗာန် ခွါလျှင်း - ညွတ်ခြင်း လွန်စွာ၊
သမာဓိဘေး - ပျက်ရေး ခြောက်ဖြာ၊
ယောဂီများ - ရှောင်ရှား ကျင့်လေပါ။

ယောဂီများ သတိပြု

အိပ်နေ, ရပ်နား - အစား နဲ့ထွေ၊
ဣန္ဒြေ ကြီးမား - စကား နဲ့လေ၊
တွေး ကြံ မရှုပ် - အလုပ် မြဲစေ၊
လျင်ခဏ - ရကြ မဂ်ဉာဏ်ပေ။

## သစ္စာနာကြား အကျိုးသွား

တရားနာလျက် - နှုတ်တက် ဆောင်ကာ၊
နှလုံး သွင်းမှု - သိမှု ပညာ၊
လေးဖြာ မချွတ် - ညီညွတ် သူမှာ၊
အပါယ်လွတ် - ခြောက်နတ် မဂ်ဖိုလ်ပါ။
(အင်္ဂုတ္တိုရ် ပါဠိတော်)

## တရားနာကြ မဂ်မရ

တရား ဓမ္မ - ဟောပြ ဆရာ၊
မထေ မဲ့ဘိ - မိမိ ကိုယ်ပါ၊
ပျံ့လွင့် စိတ်ထား - တရားကို နာ၊
မသင့်ဆုံး - နှလုံးသွင်း သူပါ။
မဂ်မရ - မှတ်ကြ ဤငါးဖြာ။
(အင်္ဂုတ္တိုရ် ပါဠိတော်)

## ဇာတိဒုက္ခ ကြီးကျယ်စွ

စာသစ်, စာကျက်၊ အောက်ထက် ဝန်းရံ၊ ပုတ်နံ ညီ လျောင်း၊ ကျဉ်းမြောင်း မမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်ဥ လောက်လို၊ ကျောက်ကို ဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဦးခေါင်း ထားလျက်၊ မေးဖျား လက်ဆုပ်၊ သစ်ခွတိုမှာ၊ မျောက်အို ကုပ်သို့၊ မလုပ်မရှက်၊ သေသောက်လက်ဝယ်၊ ဆိတ်သားငယ်

လို၊ အလမ္ဗာယ် မိ၊ မြွေငယ် ချီသို့၊ အမိ စပ် ခါး၊ ပူ အေး စားလည်း၊ ကိုယ်သား ဆတ်ဆတ်၊ သက်ပြတ်တစေ၊ ဆယ်လ နေ၍၊ လေ ကမ္ဗဇ၊ ဦးခေါက်ချသား၊ မင်္ဂဝသို့ ရောက်၊ သံကောက် ပေါက်မှ၊ ဆွဲမြောက် ဆင်ပြောင်၊ သံတောင် ကြိတ်ချေ၊ ပုံ-နေရယိက၊ ပြင်သို့ ကျလည်း၊ အပ်ဆွသည့် ဟန်၊ ကြီးပြန် ဒုက္ခ၊ ပြစ်များလှသည်၊ လက်စ ဇာတိ မူရင်းတည်း။

## နာမ်ရုပ်ချုပ်မှ ချမ်းသာရ

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။
( ပရိနိဗ္ဗာနသုတ် ပါဠိတော် )

အကြောင်းပြုပြင်၊ ဖန်စီရင်မှု၊ ဖြစ်ပေါ်ရသည့်၊ ငါးဝ ခန္ဓာ၊ ရုပ်နာမ်မှာကား၊ မှန်စွာ ပကတိ၊ မြဲမရှိတည်း၊ ဖြစ်ဘိ ပျက်ပြန်၊ ဝေကန် မို့၊ အမှန် ဓမ္မ၊ သဘာဝ ရှင့်၊ ဉာဏ ချင့်လောင်း၊ ရှုမြင်တောင်းသော်၊ အကြောင်း တိုက်ခါ၊ ဖြစ်ပြန်လှာ၍၊ မြန်စွာ တခဏ၊ ချုပ်ပြန်ကြသည့်၊ နှစ်ဝ ဖြစ်ချုပ်၊ ငါ မဟုတ်သည့်၊ ဤ ရုပ်နာမ်သာ၊ ဖြစ်ပျက် ပါကြ၊ ထိုဒုက္ခတို့၊ လုံးဝ ငြိမ်းရာ၊ ကုန်ဆုံးရာ ဟု၊ ခေမာ အမတ၊ နိဗ္ဗာန ကား၊ သုခ မှန်စွာ၊ လွန်ချမ်းသာသည်၊ မြန်စွာရောက်မှ အေးမည်သောဝ်။

အမြတ်ဆုံး ပူဇော်ခြင်း

နတ်လူ မြတ်နိုး - မျိုးမျိုး ပူဇော်၊
လိုတော် မကျ - ဆန္ဒ မလျော်၊
မဂ္ဂင်, ဝိပဿ် - ကျင့်မြတ် ပူဇော်၊
လိုတော်ကျ - ဗုဒ္ဓ မိန့်ခွန်းတော်။

( ပရိနိဗ္ဗာနသုတ် ပါဠိတော် )